ပထမဦးဆုံး မြန်မာအမျိုးသမီးဆရာဝန်မကြီး

# ဒေါက်တာဒေါ်စောဆ

စောမုံညင်း

# ဒေါက်တာဒေါ်စောဆ

## စောမုံညင်း



"ဥရောပမှ ဖလောရင့်နိုက်တင်ဂေးပမာ"

ဂရုဏာကယ်တင်ရှင်ကြီး ဒေါက်တာဒေါ်စောဆ

မြန်မာအမျိုးသမီးထဲက ဆေးပညာအက်ဖ်အာရ်စီအက်စ်(F.R.C.S)ဘွဲ့ကို ပထမဆုံးဆွတ်ခူးခဲ့သော ဆရာဝန်မကြီးမှာ ဒေါက်တာဒေါ်စောဆ ဖြစ်ပါသည်။

မြန်မာအမျိုးသမီးဆေးပညာရှင်များ၏မိခင်ကြီးဟူ၍လည်းခေါ်နိုင်ပါသည်။ ယခုခေတ် ဆေးကျောင်းသူလေးများ၏ဘွားဘွားကြီးဟုခေါ်လျှင်လည်း မှားမည်မဟုတ်ပါ။ သို့သော် ဆရာဝန်မကြီးဒေါက်တာဒေါ်စောဆမှာ လင်ချစ် သားချစ် အပူရှာသူ မဟုတ်ဘဲ တစ်ကိုယ်ရည် တစ်ကာယဘဝနှင့်လွတ်လပ်စွာ လူတိုင်းကို သားစိတ် သမီးစိတ်ဖြင့် ကုသကယ်တင် ကြင်နာယုယခဲ့သူ ဖြစ်ပါသည်။ "ဒေါ်ဒေါ်ဆ-ဒေါ်ဒေါ်ဆ"နှင့်လူငယ်ပိုင်း၏ချစ်စနိုးစွာ အားကိုးလေးစားမှုကိုလည်း အများဆုံး ခံရသူ ဖြစ်သည်။ သူ့နာမည်ကိုက ဆန်းနေသည်။

ဒေါ်ဒေါ်ဆ၏မွေးနေ့မှာ ကောဇာသက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်၊ ခရစ်သက္ကရာဇ် ၁၈၈၄ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့ ဖြစ်သည်။ ပြည်မြို့ နယ်ပိုင်ဝန်ထောက်ဦးဘိုးစော၏ဆဋ္ဌမမြောက်သမီး ဖြစ်သည့်အတိုင်း ဖခင်၏နာမည်ပါပူးတွဲကာ ဒေါ်စောဆဟုမှည့်ခေါ်ခဲ့ကြောင်းနောက်မှသိရပါ၏။ ပါဠိဂဏန်းအလိုက် ပထမသမီးကို (ဧက)ဖြစ်၍ မစောအစ်၊ ဒုတိယသမီးကို မစောဒွေး၊ တတိယသမီးကို မစောတဟူ၍ မှည့်ခေါ်ကာ ဆဋ္ဌမသမီးမို့ မစောဆဟုခေါ်ခဲ့သည်ဆိုရာ ရှေးလူကြီးများ၏အရိုးခံသဘောကို လေ့လာတွေ့ရှိရပါသည်။ အခုခေတ်လို စောကလျာတွေ၊ စောကဥ္စနတွေ မမှည့်တတ်ကြသေး။

ထိုခေတ်တုန်းက အင်္ဂလိပ်စာ တတ်ဖို့ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်။ အမျိုးသမီး အေ-ဘီ-စီ-ဒီ သင်ရကောင်းလားဟု ကဲ့ရဲ့သင့်ပြဟ်စကားတင်းဆိုကြသောခေတ်။ သင်ချင်တိုင်းလည်း အင်္ဂလိပ်ကျောင်းက မပေါသေး။ ရှိပြန်တော့လည်း စရိတ်စက အကုန်အကျမခံနိုင်လျှင် ပညာမတတ်သောခေတ် ဖြစ်သည်။ ၁၉၀၆

ခုနှစ်တွင် ဒေါ်စောဆသည် သာသနာပြုကောလိပ်မှ Faculty of Arts(အက်ဖ်အေ)စာမေးပွဲကို အောင်မြင်ခဲ့၏။ အသက်မှာ ၂၂ နှစ်အရွယ်၊ ယူနီဘာစီတီကား မရှိသေး။ ကောလိပ်သာ ရှိသည်။

အက်ဖ်အေ အောင်ပြီးသော ဒေါ်စောဆသည် ငါးနှစ်အကြာတွင် ဆေးကောလိပ်မှ အဲလ်အမ်အက်စ် (L.M.S)ဘွဲ့ကို ၁၉၁၁ ခုနှစ်တွင် ရရှိခဲ့သည်။ ရိုးရိုးဒီဂရီမျိုးမဟုတ်ဘဲ ဆေးသိပ္ပံပညာနှင့်ဆရာဝန်အတတ်ကို သူတို့ခေတ်က သင်ကြားတတ်မြောက်ထားခြင်းမှာ ကြီးကျယ်သောထူးခြားမှုပင် ဖြစ်သည်။

နောက်တစ်နှစ် ၁၉၁၂ ခုနှစ်တွင် အက်ဖ်အာရ်စီအက်စ်ဟူသော ရခဲလှသည့်ဘွဲ့ထူးကို Royal College of Surgeons ကျောင်းမှ ပထမဆုံးဗမာအမျိုးသမီးအနေနှင့်ဆွတ်ခူးရရှိခဲ့ပြန်သည်။ ထိုကျောင်းမှာ အိုင်ယာလန်ပြည် ဒဗ္ဗလင်မြို့တွင် ရှိ၏။ မြန်မာအမျိုးသမီးထဲမှ ထိုဘွဲ့ထူးကို ဒေါ်စောဆက ပထမဆုံးလက်ရ ဆွတ်ခူးနိုင်သည့်အတွက် တိုင်းပြည်၏ကျက်သရေဆောင် ဖြစ်ခဲ့ပါသည်။

## မလျော့သော ဇွဲလုံ့လ

ဒေါ်စောဆကား "ငါ ဆရာဝန်မကြီးဖြစ်ပြီမို့ ဒါနှင့်ဘဲ တင်းတိမ်တော့မည်"ဟု ရပ်တန်းက ရပ်မနေခဲ့ပေ။ ဆေးပညာကို အထူးလိုလားစွာ ဆက်လက်ဆည်းပူးခဲ့ရာ ၁၉၁၃ ခုနှစ်တွင် Royal College of Physicians ကျောင်းမှ ဒီ-ပီ-အိပ်ချ်(D.P.H)ဘွဲ့ကို ထပ်မံဆွတ်ခူးလိုက်သေးသည်။ ထိုမျှနှင့်လည်း မရောင့်ရဲသေး။ ဆက်လက်၍ ဆေးပညာကို ဆည်းပူးခဲ့ပြန်၏။ တစ်နှစ်အတွင်းမှာပင် (Coombes Maternity Hospital)မှ အဲလ်အမ်(L.M)စာမေးပွဲကို အောင်မြင်လိုက်သေးသည်။ ဘွဲ့တစ်ခုထဲနှင့်တင်းတိမ်ရပ်တန့်နေကြသော ခုခေတ်လူငယ်လေးတွေ အတုယူဖို့ပင်။

## ဆေးသိပ္ပံလောက၏မီးရှူးတန်ဆောင်

ဒေါ်စောဆသည် ဆေးသိပ္ပံလောကတွင် အမျိုးသမီးမီးရှူးတန်ဆောင်ကြီးဖြစ်သည့်အားလျော်စွာ ရန်ကုန်ဆေးရုံကြီးနှင့်ဒပ်ဖရင်ဆေးရုံကြီးတွင် အမှုထမ်းရင်း အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ဖူးသည်။ မျက်နှာဖြူ မျက်နှာနီများကြားထဲတွင် ဘီးဆံထုံးကြီးတကားကားနှင့်ပုဝါစုံချပြီး ခန့်ခန့်ညားညား အသွင်အပြင်ဖြင့် တိုင်းပြည်အတွက် လုပ်အားပေးခဲ့သော သူ့ဓာတ်ပုံများကို ယခုတိုင် မှတ်မိနေသေးသည်။

ရန်ကုန်ဆေးရုံကြီး အမျိုးသမီးလူနာဌာန၌ လက်ထောက်ဆရာဝန်မကြီးအဖြစ်လည်းကောင်း၊ ဒပ်ဖရင်(ယခုဗဟိုသားဖွားဆေးရုံကြီး)တွင် ၁၉၁၄ ခုမှ ၁၉၂၁ ခုအထိ (၇)နှစ်တိုင်တိုင် ဆေးရုံအုပ်ကြီးအဖြစ်ဖြင့်လည်းကောင်း တာဝန်ယူရင်းနှင့်မချိမဆံ့ ဝေဒနာရှင်မိခင်လောင်းများ၏အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့ဖူးသည်။

လူ့ပြည်သို့ ဘွားကနဲ ရောက်လာခါစ သားသမီးလေးများအား ဒေါ်စောဆသည် ကြင်နာယုယသော အသဲနှလုံးဖြင့်လည်းကောင်း၊ သူ၏နူးညံ့သောလက်နှစ်ဖက်ဖြင့်လည်းကောင်း ပထမဦးဆုံး ဆီးကြိုနှုတ်ဆက် ပိုက်ဖျားပွေ့ချီခဲ့သူ ဖြစ်သည်။ သူမွေးပေး၍ လူလားမြောက်ကာ အကျော်အမော် ပုဂ္ဂိုလ်ကြီးတွေဖြစ်နေသော ဦးရေကား ဘယ်လောက်ရှိမည်ဟုမခန့်မှန်းနိုင်ပါ။ ဥရောပ၏မီးခွက်ရှင်မခေါ် ကရုဏာရှင်မကြီးဖလောရင့် နိုက်တင်ဂေးလ်နှင့်နှိုင်းစာသင့်ပါသည်။

## မေတ္တာရှင်မိခင်ကြီး

"ဆေးနှင့်ကုတာထက် ဒေါ်စောဆ မေတ္တာကရုဏာနှင့်ကုတာက ပိုပြီးများပါတယ်"ဟုသူ့ဆွေမျိုးများက ပြောပြပါသည်။ "ဒေါ်ဒေါ်ဆဟာ သိပ်စိတ်ရှည်တယ်၊ အသန့်အပြန့်မှ ကြိုက်တယ်၊ မွေးလူနာအတွက် ရေနွေးတည်တာတောင် ဆူ မဆူ လက်နှိုက်ကြည့်တာဆိုရင် မသန့်တော့ဘူးဆိုပြီး သွန်ပစ်ခိုင်းတယ်"ဟုဆိုပါသည်။

## စွမ်းဆောင်ချက်များ

ဒေါ်စောဆကား မွေးကတည်းက ခရီးယာယီပါလာခဲ့ဟန် တူပါ၏။ နိုင်ငံခြားကိုလည်း အခေါက်ခေါက်ရောက်သည်။ ရောက်ပင်ရောက်ငြား အောက်ခြေလွတ်သူ မဟုတ်။ သူ့ပညာဂုဏ်နှင့်သူ့အရည်အချင်းတောက်ပြောင်မှုကြောင့် ဗမာအမျိုးသမီးဟုကမ္ဘာက အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ၁၉၂၀ ခုနှစ်မှာပင် ABWFMS ၏အနှစ်ငါးဆယ်မြောက် ရွှေရတုသဘင်သို့ မြန်မာပြည်၏ကိုယ်စားလှယ်အနေဖြင့်လည်း တက်ရောက်ခဲ့ရသည်။

ထိုနှစ်အတွင်း၌ပင် အပြည်ပြည်ဆိုင်ရာ ဆေးကွန်ဖရင့်သို့လည်းတက်ခဲ့ပြန်ပါသည်။ ၁၉၂၂ ခုနှစ်တွင် အမေရိကန်မှ မြန်မာပြည် ပြန်ရောက်လာသည့်အခါ ကိုယ်ပိုင်သားဖွားခန်းတစ်ခုကို ဖွင့်၍ ဝေဒနာသည်အပေါင်းကို ကုသပေးခဲ့လေသည်။ ပုဇွန်တောင်ဆေးရုံ၊ ကျွန်းတောလမ်းဆေးရုံများကား ဒေါ်စောဆ အလွန်သံယောဇဉ်ကြီးမားတွယ်တာခဲ့သော ဆေးရုံများ ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် ဘိလပ်၌ မြန်မာ့လွတ်လပ်ရေးတောင်းဆိုပွဲအတွက် ကျင်းပသော မျက်နှာစုံညီအစည်းအဝေးကြီး Round Table Conference ၏အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း ပါဝင်ခဲ့သေးသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ဒေါ်စောဆပါဝင်လုပ်အားပေးခဲ့သော အသင်းအဖွဲ့ပေါင်းမှာ မရေမတွက်နိုင်အောင် များပြားလှသည်။ မျက်စိနှစ်လုံးပိတ်၍ အိပ်နားချိန်ကလွဲလျှင် သူတစ်ပါးကို ကူညီဖို့ စေတနာ့ဝန်ထမ်းအလုပ်အပြင် မိမိ၏ဆေးတာဝန်ဝတ္တရားနှင့်သာ ကုန်လွန်စေခဲ့သည်။ ကြက်ခြေနီအသင်း၊ ဗြိတိသျှအင်ပါယာ ကုဋ္ဌနူနာကယ်ဆယ်ရေးအဖွဲ့၊ မြူနီစပယ်ကောင်စီ၊ မြန်မာအမျိုးသမီးများအဖွဲ့၊ လူမှုဝန်ထမ်းအဖွဲ့၊ မိဘမဲ့လူလေလူလွင့်လေးများ စောင့်ရှောက်ရေးအဖွဲ့ကော်မီတီ၊ ဆေးသိပ္ပံလေ့လာရေးဘုတ်အဖွဲ့၊ ဆေးကောင်စီသူနာပြုနှင့်ဝမ်းဆွဲဆရာမများကောင်စီ၊ ဂျပ်ဆင်ကောလိပ်ဂေါပကအဖွဲ့၊ ယူနီဘာစီတီဆီးနိပ်အဖွဲ့၊ ခရစ်ယာန်အမျိုးသမီးအသင်း၊ ရန်ကုန်အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့များ၌ ကိုယ်အား ဉာဏ်အား ပညာအား ပေး၍ ထိထိရောက်ရောက်စေတနာအပြည့်နှင့်ကူညီပါဝင်ခဲ့ဖူးသည်။ ဘယ်အသင်းကို ဘယ်ပုံကူညီရပါ့မလဲ ဒါဘဲ အာရုံပြုခဲ့သည်ဟုသိရပါသည်။

## စေတနာ့ဝန်ထမ်းသမားပီပီ

ဒေါ်စောဆကား တစ်ကယ့်စေတနာ့ဝန်ထမ်းသမား ဖြစ်သည်။ ပြည့်တန်ဆာနှိပ်ကွပ်ရေးအတွက် (Brothel Act)ကိုလည်း ထောက်ခံခဲ့သူ ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဒေါ်စောဆမှာ ရုတ်တရက် ညာဖက်ကိုယ်တစ်ခြမ်း ကျဉ်သောရောဂါဝင်ရောက်စွဲငြိလာသဖြင့် လေးလတိတိ အနားယူပြီးလျှင် ဆေးကုသအနားယူနေရရှာသည်။

ဂျပန်ဝင်ချိန်၌ တော်တော်နှင့်နလံမထူနိုင်ရှာပါ။ သူများ ဝေဒနာကို ပျောက်ကင်းအောင် ကုနိုင်ခဲ့သော်လည်း ကိုယ့်ရောဂါကိုတော့ ချက်ချင်း မကုနိုင်ရှာခဲ့။ တဖြည်းဖြည်းနှင့်ကျန်းမာလာသည့်နောက်တွင်မှ စစ်ပြေးဘဝနှင့်စလင်း၊ လယ်ကိုင်း၊ ညောင်ကိုင်း၊ မအူပင်နှင့်မင်းဘူးသို့ ပြောင်းရွှေ့နေထိုင်ရင်း အချိန်ကို အလဟဿမကုန်လွန်စေဘဲ အခမဲ့လိုက်လံဆေးကုပေးခဲ့သည်။ မင်းဘူးတွင် ကုဋ္ဌနူနာသည်များ ဥဒဟိုသွားလာနေကြ

သည့်အတွက် ရောဂါပျံ့ကူးနိုင်မည်စိုးသဖြင့် ကော်မီတီတစ်ခုဖွဲ့ကာ နူနာသည်များကို စနစ်တကျ သီးသန့်နေရာ သစ်ရှာဖွေပေးခဲ့သည်။ လူမှုဝန်ထမ်းဌာနအတွက် ပထမဆုံးလမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်က စစ်ပြေးဒုက္ခသည်များမှာ မင်းဘူးနှင့်စက္ကူတဲတောင်ခြေအနီး မန်းချောင်းတစ်ဝိုက်တွင် ခို လှုံနေရဆဲ၊ နူနာကလည်း ကူးစက်ဖို့ အမြန်ဆုံးဖြစ်နေရာ ဒေါ်စောဆမှာ ကာကွယ်မှုကို အပူတပြင်းပြုနေရ လေသည်။ ဆေးရုံမှပစ္စည်းတွေ လိုသမျှတောင်းပြီး ဝေငှပေးခဲ့သည်။ ဘုန်းကြီးရဟန်းသံဃာအများအပြားပင် သူရှိရာသို့လာ၍ အလှူခံလေ့ရှိကြသည်။ လယ်ကိုင်းဘက်မှ ဝေဒနာရှင် ဖျားနာကျိုးပဲ့သူများမှာ ဒေါ်စောဆ၏ ကြင်နာယုယမှုကို မျှော်လင့်အားထားခဲ့ကြသည်။ တစ်ခါတရံ သူကိုယ်တိုင် မသွားနိုင်ပါက တူမများကို အရင် လွှတ်၍ အဖျားတိုင်းထွာခိုင်းလေ့ရှိသည်ဟုဆိုပါသည်။ နံနက်ညမှန်မှန် လူနာအဖျားတိုင်းရသောတူမများကို လည်း သူကဲ့သို့ပင် ဝေဒနာရှင်များကို ကြင်နာအောင် သွန်သင်ပေးခဲ့သည်။ အခကြေးငွေကို မမက်ဘဲ စေတနာ့ ဝန်ထမ်းအလုပ်သက်သက် လုပ်ခဲ့ပါ၏။

## ဝါသနာ

ဒေါ်စောဆသည် အလွန်စိတ်ရှည်သည်။ သို့သော် ဆရာမလေးများကိုမူ ခပ်ကြမ်းကြမ်းလေး ချုပ်ကိုင် တတ်သည်။ လူနာတွေ နာကျင်သလို သူသည် နာကျင်တတ်သည်။ တစ်ခါတရံ အင်္ဂလိပ်များ လက်လျှော့ထား သည်ကိုပင် စိတ်မလျှော့ပဲ ဆက်လက်ကုသတတ်သည်။ အတတ်နိုင်ဆုံး ကယ်ဆယ်ခဲ့သည်။

"စစ်ပြေးတုန်းက ဆေးရုံကလဲ ရှားပါး၊ ဒဏ်ရာရသူတွေက ပေါများ၊ တစ်ခါတရံ လူနာခေါ်၍သာ လိုက်သွားရသည်၊ ကြမ်းက မခိုင်၍ ထိုင်ပင် မထိုင်ဝံ့၊ ဒိုက်ဦးမှာ နေကြစဉ် မွေးလူနာတစ်ဦး လယ်တောတဲထဲ မှာ အသဲအသန်ဖြစ်သည်ဆို၍ လိုက်သွားရာ တော်တော်နှင့် ပြန်မလာဘဲနေသည်။ တဲကလေးကလည်း ငုံ့ဝင်မှ ရသည်။ ညောင်လေးပင်ဆေးရုံကလည်း မနီး၊ ဒါနှင့် မေ့ဆေးပေးပြီး ခွဲစိတ်ကုသပေးရသည်။ အဝတ်သန့်သန့် မရှိသဖြင့် အိမ်က အိပ်ရာခင်း၊ စားပွဲခင်းများကို ဆုတ်ပြီး ဆေးရုံမှာကဲ့သို့ တဲကလေးကို ဆေးခန်းလုပ်ပြီး ကု သပေးခဲ့ရသည်။ အဖျားမကျမချင်း အနားက မခွာ၊ ကိုယ်ဖိရင်ဖိ ကုသခဲ့သည်"ဟုသူ့သားချင်းများထံမှ ကြား ရပါသည်။ သူ့ကို အားကိုးသော ဝေဒနာရှင်များအား သူက ပြန်၍လေးစားခဲ့သည်။

ဝေဒနာသည်များမှာ သူ့ကို မြင်ရုံနှင့်တအားတက်လာကြသည်။ ဆေးထိုးရာ၌လည်း ထိုးမှန်းမသိ အောင် ညင်သာသည်ဟုတစ်ဆင့်စကား ကြားရပါသည်။ ဒေါ်စောဆကား အသက်ရှင်နေသရွေ့ အလုပ်နှင့် လက် ပြတ်သည်မရှိပါ။ အရွယ်ထောက်လာသည့်တိုင်အောင် သူသုံးယောဇဉ်ရှိခဲ့သောဆေးခန်းကို ပစ်မထားဖို့ အထပ်ထပ်မှာခဲ့သေးသည်။ သူရေးသားပြုစုခဲ့သော သူနာပြုဝမ်းဆွဲဆရာမများလက်စွဲစာအုပ်မှာ နောင်လာ နောက်သားတွေအတွက် ကြီးစွာသော အထောက်အကူဖြစ်ခဲ့သည်။

သူ့အတ္ထုပ္ပတ္တိရေးရန် ဟယ်လပင်လမ်းနံပါတ်(၆၀)ရှိ သူ့အိမ်သားများနှင့်သွားတွေ့စဉ်က ကံကောင်း၍ သူ့လက်ရေးနှင့်စာရွက်ကလေးတစ်ခုကို တွေ့ရသည်။

"၁၉၄၆-ခု စစ်ပြီး ရန်ကုန်ပြန်လာသည့်အခါ တင့်လမ်း အမှတ်(၃၀) ကျမတို့အိမ်မှာ ဂျပန်တွေ မီးရှို့ ပစ်ခဲ့တာ တွေ့ရသည်"

ဟူသော မှတ်တမ်းလေးပင် ဖြစ်ပါ၏။

သူ့၏စေတနာ့ဝန်ထမ်းအလုပ်မှာ ယခုခေတ် စီးပွားရေးရှုဒေါင့်အသီးသီးမှ ငွေရရင်ပြီးရော မျက်နှာ ကြီးရာ ဟင်းဖတ်ပါသော အသပြာဆရာဝန်တွေနှင့်ကား ဘာမှမဆိုင်၊ တစ်ဘာသာစီခြားနေဘိသည်။ ဒေါ်စော ဆကဲ့သို့ အတန်းအစားမရွေး အနစ်နာခံကာ စေတနာထားနိုင်သူ ဆရာဝန်တွေ ခုခေတ်မှာ ဘယ်လောက်ရှိသ လဲ။ သူ့နမူနာကိုယူပြီး ဘယ်နှစ်ယောက် ခြေရာနင်းနိုင်းမလဲ။ ဆရာဝန်မကြီးဒေါက်တာဒေါ်စောဆကား သစ်

ပင်ပန်းမလ် စိုက်ပျိုးရန်လည်း အလွန်ဝါသနာထုံသည်။ သို့သော် ပန်းပန်လေ့ များစွာမရှိ။ ငယ်စဉ်ကပင် သူ့မော်တော်ကား သူမောင်းကာ တင်းနစ်အမြဲရိုက်ကစား၍ ကျန်းမာရေးကောင်းခဲ့သူ ဖြစ်သည်။

ဤမျှ တစ်သက်လုံး အငြိမ်မနေလှုပ်ရှားခဲ့သော ဆရာဝန်မကြီးမှာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့(အသက် ၇၈ နှစ်အရွယ်)၌ သွေးတိုးရောဂါ၏ဖိစီးမှုကြောင့် သူအလွန်ချစ်မြတ်နိုးခဲ့သောလူသားများနှင့်တကွ ဆေးပညာရပ်တွေ ကယ်ဆယ်ကုသမှုလုပ်ငန်းတွေကို စွန့်လွှတ်ကာ ထာဝရအနားယူသွားခဲ့ရှာပါပြီ။

ယခုလို ပြည်သူတို့၏ကျန်းမာရေးကို စီမံကိန်းအမျိုးမျိုးနှင့်သိပ္ပံပညာအဆင့်အတန်းမြင့်မြင့် စောက်ချလုပ်ကိုင်လျက်ရှိသော တော်လှန်ရေးအစိုးရလက်ထက်တွင် ဒေါ်စောဆ၏စေတနာနှင့်အရည်အသွေးတွေ ကျမတို့ လက်လွှတ်ဆုံးရှုံးလိုက်ရသည်မှာ အကြီးအကျယ် နစ်နာလေခြင်းဟုဝမ်းနည်းမိပါသည်။

သို့သော် ပြည်သူတို့ အားကိုးရမည့်ဒေါ်စောဆလေးတွေသာ ပြည်နယ်အဝှမ်းမှာ ပေါ်ပေါက်လာပါစေတော့။

စောမုံညင်း

မှတ်ချက်။ ။၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ၊ အတွဲ(၂)၊ အမှတ်(၁၂)ထုတ် ဖြူနီညိုပြာမဂ္ဂဇင်း စာမျက်နှာ (၁၀၉ မှ ၁၁၂)ထိ၌ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။